# မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်

## အစာငတ်ခံဆန္ဒပြတိုက်ပွဲ

စက်တင်ဘာ ၂၄ ရက် ၂၀၀၄

published by
the Communication and Media Operators Committee

# ၄ ရက်မြောက်နေ့

နံနက်ခင်း

☐ ရဲဘော်၇–ဦးဟာ ယခင်နေ့ တွေထက်အားအင်လျော့နည်းလာသလို မိုင်ပေါင်း ၁၈၀ ကျော် ခရီးရှည်ချီတက်ပွဲမှာ မနားတမ်းချီတက်လာတဲ့ မြန်မာပြည် ဒီမိုကရက်တစ် ဂီတအဖွဲ့ ချုပ် ဥက္ကဋ္ဌဖြစ်သူ ရဲဘော်မောင်မောင်တိတ် ကလည်း အဖျား တက်ပြီး လဲလျောင်းလို့ နေရပါတယ်။

☐ မနေ့ ညက စတင်ပြီး (လုံခြုံရေးအစီအစဉ်တင်းကြပ်မှုကြောင့်) ရဲဘော်များ ဆန္ဒ ပြနေတဲ့ ဒက်ဟမ်းမားရှိုးပန်းခြံမှာ ညနေတစ်နာရီအထိပဲ နေခွင့်ပြု တော့တာမို့ Queens ရပ်ကွက်မှာရှိတဲ့ Burma Point ကို ပြောင်းရွှေ့ အိပ်စက်ကြရ ပါသေးတယ်။

☐ ပန်းခြံနားအထိကို ယာဉ်ဝင်ခွင့်မပြုတဲ့အတွက် ကားရပ်နားရာဆီကို ရဲဘော်များက ကြိုးစားအရောက်လှမ်းရသလို ၊ လာရောက်ကူညီ စောင့်ရှောက် နေတဲ့ နယူးယောက် ဒီမိုကရေစီအင်အားစုများကလည်း အကြိုအပို့ တာဝန် ၊ ခင်းကျင်းထားတဲ့ ဓာတ်ပုံတွေ အလံတွေ ပြန်ဖြုတ်ကြ၊ ခေါင်းစီးစာတမ်း တွေ ဖြုတ်ကြ ၊ ပစ္စည်းတွေပြန်သိမ်းကြ၊ နောက်တနေ့ မှာ အားလုံးပြန်ခင်းကြနဲ့ အလုပ် ပိုများလာကြရပြန်ပါတယ်။

☐ ဒီကနေ့ မနက်မှာ အစာမရှိတဲ့ဒဏ်၊ ကားစီးပြီးလာရတဲ့ ဒဏ်တွေ ကြောင့် ရဲဘော်များ ရဲ့ မျက်နှာတွေက ဖျော့တော့နေကြပေမယ့် နေ့ စဉ် ဆောင်ရွက်နေကြဖြစ်တဲ့ တရားထိုင်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ မြန်မာ ပြည်သူပြည်သား များ အတွက် ဆုတောင်းမေတ္တာပို့ သခြင်းကိုတော့ မပျက်စေခဲ့ပါဘူး။

☐ 'ပြည်တွင်းရှိ UNDP ရုံးရှေ့ မှာ သွားပြီးဆန္ဒပြလို့ နိုင်ငံရေး အကျဉ်းသားဟောင်း ဦးအုန်းသန့် ကို စစ်အစိုးရက ထပ်မံ ဖမ်းဆီး လိုက်ပြီ......' 'ထိုင်းနိုင်ငံဘန်ကောက်မြို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ရှေ့ မှာ မြန်မာ ၂၃–ဦးအစာငတ်ခံဆန္ဒပြခဲ့တာကို ထိုင်းအစိုးရက ဖမ်းဆီးလိုက်ပြီ....' ဆိုတဲ့ ....... "မြန်မာ့အရေးကို ကုလသမဂ္ဂမှ ထိရောက်စွာဆောင်ရွက်ပေးရန်" ရည်ရွယ်ချက်နဲ့ မိမိတို့ အစာငတ်ခံ ဆန္ဒပြ နေချိန်မှာ အချိန်ကိုက် လိုက်ပြီး တိုက်ပွဲဆင်နွှဲသူများရဲ့ သတင်းတွေကို ကြားသိရလို့ ..... အရေးကြီးတဲ့အချိန်မှာ သွေးစည်းညီညွတ်စွာနဲ့ တိုက်ပွဲဝင်ခဲ့သူရဲဘော်များရဲ့ သတ္တိကို ချီးကျူးလေးစား မိပေမယ့် ထောင်တွင်းမှာ (အထူးသဖြင့် ငရဲတွင်းလို့ တင်စား ခေါ်ဝေါ်ခံရတဲ့ စစ်အစိုးရ ရဲ့ ထောင်တွင်းမှာ) ညှင်းပန်းနှိပ်စက်ခံနေရမယ့် ရဲဘော် ရဲဖက်တွေ အတွက်ကိုတော့ အထူးပဲ စိုးရိမ်မိပါတယ်။

☐ မြန်မာ့နိုင်ငံရေးနဲ့ ပတ်သက်ပြီး "များစွာဝမ်းနည်းကြောင်း" ၊ "များစွာစိုးရိမ် ပူပန်မိကြောင်း" မကြာခဏ ထုတ်ဖော်ပြော ကြားလေ့ရှိတဲ့ ကုလသမဂ္ဂ အထွေ ထွေအတွင်းရေးမှူးချုပ်ကြီး အနေနဲ့ မြန်မာပြည်သူများ အပေါ်ထားရှိတဲ့ မိမိရဲ့ သဘောထားအမှန်ကို သက်သေပြဖို့ အချိန်တန်ပါပြီ။ တိုက်ပွဲအရှိန်ရလာတာနဲ့ အမျှ နေ့ စဉ် ရဲဘော်တွေကို လာရောက် အားပေး သူ နိုင်ငံခြားသားများပြားလျက်ရှိပြီး၊ မြန်မာပြည် အကြောင်း လာရောက် မေး မြန်း ခြင်း၊ English / Spanish ဘာသာများနဲ့ ထုတ်ဝေတဲ့ သတင်းစာများမှာ မြန်မာ့ ရဲဘော်များ အကြောင်းရေးသားဖော်ပြခြင်းများကိုလည်းပိုမိုမြင်တွေ့ လာနေရပါပြီ။

☐ "ဘယ်လိုအခက်အခဲတွေပဲရှိရှိ မြန်မာ့အရေးကို ထိရောက်စွာ ဖြေရှင်း ဆောင်ရွက်ပေး တဲ့အထိတို့ တတွေ တိုက်ပွဲ ဆင်နွှဲမယ်" လို့ တူညီစွာခံယူကြရင်း နံနက်ခင်းကာလကို ကုန်လွန်လာပါတယ်။

နေ့ လည်ခင်း

☐ "ကမ္ဘာ့ ကုလ သမဂ္ဂ လုံခြုံရေးကောင်စီမှ မြန်မာ့အရေးကို အရေးယူဆောင်ရွက် ပေးရန် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်မှ သဘောတူညီ ကြောင်းဆုံးဖြတ်ချက်ချလိုက်ပြီ" ဆိုတဲ့ သတင်းနဲ့ အတူ အရောင် အသွေးစုံလင်စွာနဲ့ ငွားငွားစွင့်စွင့် ပွင့်နေတဲ့ ပန်းခြင်းသုံးခြင်း ရောက်လာ တဲ့ အခါမှာတော့ လဲနေတဲ့ ရဲဘော်များ ချက်ခြင်း ထထိုင် ပါတော့တယ်။

☐ ပန်းခြင်းတွေဟာ Danish Burma Committee (Denmark) / Burma Campaign (UK) နဲ့ Association Swiss Birmanie စတဲ့အဖွဲ့ အစည်းတွေက ပို့ လိုက် တာ ဖြစ်ပြီး၊ မိုင်ပေါင်းများစွာကို ဖြတ်သန်းရောက်ရှိလာတဲ့ ခြင်းတောင်းတွေ ထဲစာတွေ ကိုရဲဘော်များ အလုအယက် ဖတ်မိကြပါတယ်။

☐ ထိုင်းမြန်မာနယ်စပ်ဒေသနေ မြန်မာ့တိုင်းရင်းသားများ နှင့် နိုင်ငံ့အရေး တက်ကြွ လှုပ်ရှားသူ ၃၅၂ ဦးတို့ ပူးပေါင်းရေးသားပေးပို့ လိုက်တဲ့ "အစာငတ်ခံ ဆန္ဒပြ တိုက်ပွဲဝင်ခြင်းကို အပြည့်အဝ အားပေးထောက်ခံကြောင်း" စာတွေ ဖတ်ပြီး တဲ့ အခါမှာတော့ ရဲဘော်များအားအင်ပြန်လည်ပြည့်ဖြိုးလာပြီး လန်းဆန်း တက်ကြွ လို့ လာ ကြ ပါတော့တယ်။

☐ မကြာခင်မှာ––ရဲဘော်ဦးဟန်လင်းက ဗွီဒီယို ကင်မရာလေး တလုံးနဲ့ ဒေါ်အောင်ဆန်းစု ကြည်နဲ့ ရှစ်လေးလုံး အရေး အခင်းဓာတ်ပုံပြပွဲ၊ နိုင်ငံရေး အကျဉ်းသားများရဲ့ ဓာတ်ပုံပြပွဲ တွေကို လာရောက်ကြည့် ရှုသူတွေ petition form ဖြည့်နေတဲ့ နိုင်ငံ ခြားသားတွေကို မှတ်တမ်းတင်ရိုက်ယူနေတာကို မြင်တွေ့ လာရ သလို.......

☐ နေမ ကောင်း ဖြစ်နေတဲ့ ကိုမောင်မောင်တိတ်ကလည်း ထပြီး လမ်းလျှောက် ကာ .....

☐ ကျန်တဲ့ရဲ ဘော်တွေကလည်း ပန်းခြင်းကို ကြည့်လိုက်၊ စာ တွေကို ဖတ်လိုက်နဲ့ ပြုံး ပျော်လို့ နေတာကို ..... မြင်တွေ့ လာရပါတယ်။

☐ ရဲဘော်တွေရဲ့ နဖူးမှာစီးထားတဲ့ စာတမ်းတွေက "UN Security Council, Take Action on Burmese Regime" တဲ့။

☐ ☐ ☐ **ဆက်သွယ်ရန်**

**ဘဏ္ဍာရေးဆိုင်ရာကော်မတီ** ––– မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁) မသပြေ(၉၁၇–၇၀၄–၄၆၂၃)၊ မကေခိုင်(၉၁၇–၂၉၁–၉၈၆၂)၊ ကိုရွှေ (၉၁၇–၉၅၁–၂၄၂၈) ၊ ကိုအောင်အောင် (၇၁၈–၃၃၅–၀၉၁၁)
**ကူညီစောင့်ရှောက်ရေးကော်မတီ** ––– ကိုရဲထွန်း (၇၁၈–၆၇၂–၈၇၈၉) ၊ ကိုနိုင်ကျော်မိုး (၇၁၈–၈၁၃–၂၄၂၁)၊ ကိုဂျိမ်း (၇၁၈–၃၈၆–၃၃၉၅) ၊ ကိုနိုင်ကြီး (၆၃၁–၉၇၄–၅၆၃၂) ၊ ကိုသောင်းထွန်း (၂၁၂–၃၃၈–၀၀၄၈) ၊ မသပြေ(၉၁၇–၇၀၄–၄၆၂၃)၊ ကိုမိုက်ကယ် (၇၁၈–၈၁၃–၂၄၂၁) ၊ ကိုဇာနည်မင်းထက် (၇၁၈–၈၁၃–၂၄၂၁) ၊ နန်းဇွန်ဦး (၂၁၂–၃၃၈–၀၀၄၈) ၊ ကိုဇော်ကြီး ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁) ၊ မမြမြစိုး (၉၁၇–၇၉၇–၂၁၃၄) ၊ မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) မကေခိုင်(၉၁၇–၂၉၁–၉၈၆၂)
**သတင်းနှင့်ပြန်ကြားရေးကော်မတီ** ––– ကိုမင်းဆန်းမင်း (၇၁၈–၄၃၄–၅၂၉၂) ၊ ကိုဉာဏ်ဝင်းလတ် (၆၄၆–၃၂၁–၅၃၁၁) ၊ မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁)၊ ကိုအောင်ကျော်မြင့် (၆၀၇–၃၃၉–၇၀၅၄)၊ ကိုရန်မျိုးအောင် (၅၈၅–၅၇၆–၈၅၂၁)
**သယ်ယူပို့ဆောင်ရေးနှင့်နေရာချထားရေးကော်မတီ** ––– ကိုဝင်းရှိန် (၇၁၈–၃၃၅–၅၉၂၃) ကိုဆန်းမြင့် (၉၁၇–၅၂၃–၅၂၂၇) ကိုမိုးချမ်း (၆၄၆–၆၄၃–၈၆၈၉) ၊ မမြမြစိုး (၉၁၇–၇၉၇–၂၁၃၄)၊ နန်းဇွန်ဦး (၂၁၂–၃၃၈–၀၀၄၈)

Visit our websites:
http:\\longmarchandhungerstrike.odfb.org
www.hungerstrike4burma.com